# Mass for the Care of Creation

September 6, 2026 (Sunday)

**ဖန်ဆင်းခြင်းကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မစ္ဆားတရား**

စက်တင်ဘာလ (၆) ရက်၊ ၂၀၂၆ (တနင်္ဂနွေနေ့ )

**ပဏာမသီကျူးပူဇော်ခြင်း**

ဆာလံ ၁၈ (၁၉) း ၂

ကောင်းကင်သည် ဘုရားသခင်၏ဘုန်းဂုဏ်တော်ကို ကြေညာပြီး၊ မိုးမျက်နှာကြက်သည်လည်း ကိုယ်တော်၏ လက်ရာတော်ကို ကြေညာလျက်ရှိပါ၏။

**စုပေါင်းဆုတောင်းပဌနာ**

သားဦးဖြစ်တော်မူသောခရစ်တော်၌ အရာခပ်သိမ်းကို ဖြစ်တည်စေတော်မူခဲ့သော အို အဖခမည်းတော်ဘုရား၊ တပည့်တော်တို့သည် အသက်ပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ လမ်းညွှန်မှုကို နာခံကြလျက် ကိုယ်တော် ဖန်ဆင်းထားတော်မူသော လက်ရာတော်များကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် မစတော်မူပါ။ ကိုယ်တော်နှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်မြတ်၌ တစ်ဆူတည်းသောဘုရားအဖြစ် ကာလအဆက်ဆက် အသက်ရှင်တော်မူ၍ စိုးစံတော်မူသော ကိုယ်တော်၏သားတော် တပည့်တော်တို့၏သခင် ယေရှုခရစ်တော်အား အမှီပြု၍ တောင်းလျှောက်ကြ ပါသည်ဘုရား။ အာမင်။

**ပူဇော်သက္ကာရအပေါ် ဆုတောင်းပဌနာ**

အို အဖခမည်းတော်ဘုရား လယ်ယာမြေမှဖြစ်သော တပည့်တော်တို့၏ ဤသီးနှံများကို လက်ခံတော်မူပါ။ ဤသီးနှံများသည် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ ပြုပြင်ခြင်းအားဖြင့် တပည့်တော်တို့အတွက် ထာဝရအသက်ကို ပေးသော စားစရာနှင့်သောက်စရာ ဖြစ်လာစေတော်မူပါမည့်အကြောင်း ခရစ်တော်ဘုရားရှင်ကိုအမှီပြုလျက် တောင်းလျှောက် ကြပါသည်ဘုရား။ အာမင်။

**ကိုယ်တော်မြတ်ပင့်ချိန် သီကျူးပူဇော်ခြင်း** ဆာလံ ၉၇ (၉၈) း ၃

မြေကြီးစွန်းအပေါင်းတို့သည် ကျွန်ုပ်တို့ ဘုရားသခင်၏ ကယ်တင်တော်မူခြင်းကို မြင်ကြရလေပြီ။

**ကိုယ်တော်မြတ်ပင့်ပြီး ဆိုအပ်သော ဆုတောင်းပဌနာ**

အိုအဖခမည်းတော်ဘုရား၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုစောင့်မျှော်နေကြသော တပည့်တော်တို့ကို ဖန်ဆင်းခံအရာအားလုံးနှင့် သဟဇာတရှိစွာနေထိုင်နိုင်ကြလျက်၊ ကိုယ်တော်နှင့်လည်းကောင်း၊ တပည့်တော်တို့၏ ညီအစ်ကိုမောင်နှမများနှင့်လည်းကောင်း တလုံးတစ်ဝတည်းရှိနိုင်ကြစေတော်မူပါမည့်အကြောင်း ခရစ်တော်ဘုရားရှင် အားအမှီပြုလျက် တောင်းလျှောက်ကြပါ သည်ဘုရား။ အာမင်။

**MISSA PRO CUSTODIA CREATIONIS**

**LECTIONES BIBLICÆ**

**ဖန်ဆင်းခြင်းကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်မစ္ဆားတရား**

**စက်တင်ဘာလ (၆) ရက်၊ ၂၀၂၆ (တနင်္ဂနွေနေ့)**

## မစ္ဆားပူဇော်ခြင်းတွင် ဖတ်ရှုရန်ဘုရားသခင်၏နှုတ်ကပါဌ်တော်

---

### ပဌမကျမ်း

**ပညာပါရမီကျမ်း ၁၃း၁-၉** ➡ မစ္ဆားပူဇော်ခြင်းတွင် ဖတ်ရှုရန်ဘုရားသခင်၏ နှုတ်ကပါဌ်တော်အတွဲ (၃)၊
(မ)နှစ်၊ စာမျက်နှာ (၄၁၂)
သာမန်ကာလ (၃၂) ကြိမ်မြောက်သီတင်းပတ် - သောကြာနေ့ (*ကြည့်ရန်*)

**(သို့)**

**ကော်လောဆဲ ၁း၁၅-၂၀** ➡ မစ္ဆားပူဇော်ခြင်းတွင် ဖတ်ရှုရန်ဘုရားသခင်၏ နှုတ်ကပါဌ်တော် အတွဲ (၃)၊
(မ)နှစ်၊ စာမျက်နှာ (၁၄၇)
သာမန်ကာလ (၂၂) ကြိမ်မြောက်သီတင်းပတ် - သောကြာနေ့ (*ကြည့်ရန်*)

### ဆာလံအလိုက်

---

**ဆာလံ (၁၈) ၁၉း ၂-၃၊ ၄-၅** ➡ မစ္ဆားပူဇော်ခြင်းတွင် ဖတ်ရှုရန်ဘုရားသခင်၏ နှုတ်ကပါဌ်တော် အတွဲ (၃)၊
(မ)နှစ်၊ စာမျက်နှာ (၄၁၃)
သာမန်ကာလ (၃၂) ကြိမ်မြောက်သီတင်းပတ် - သောကြာနေ့ (*ကြည့်ရန်*)

**(သို့)**

**ဆာလံ (၁၀၃) ၁၀၄း ၁-၂၊ ၅-၆၊ ၁၀+၁၂၊ ၂၄+၃၅**

➡ မစ္ဆားပူဇော်ခြင်းတွင် ဖတ်ရှုရန်ဘုရားသခင်၏နှုတ်ကပါဌ်တော် အတွဲ (၂)၊
(မ)နှစ်၊ စာမျက်နှာ (၁၃၁)
သာမန်ကာလ ပဥ္စမ သီတင်းပတ် - တနင်္လာနေ့ (*ကြည့်ရန်*)

**ALLELUIA**

**ဆာလံ (၁၀၃) ၁၀၄း၂၄**

အို ထာဝရဘုရား၊ ကိုယ်တော်၏ လက်ရာတော်တို့သည် မည်မျှများပြားပါသနည်း။ ကိုယ်တော်သည် အရာခပ်သိမ်းတို့ကို ဉာဏ်ပညာတော်ဖြင့် ဖန်ဆင်းထားတော်မူပါ၏။

Quam multiplicata sunt opera tua, Domine! Omnia in sapientia fecisti.

**(သို့)**

**၁ ရာဇဝင်ချုပ် ၂၉း ၁၁$^{d}$,၁၂$^{b}$**

အိုထာဝရဘုရား၊ ကိုယ်တော်သည်ကောင်းကင်မြေကြီး၌ရှိရှိသမျှတို့ကို ပိုင်တော်မူ၍ ခပ်သိမ်းသောအရာတို့ကို အုပ်စိုးတော်မူပါ၏။

Tuum, Domine, regnum, tu dominaris omnium.

**ဧဝံဂေလိကျမ်း**

**မာတေဦး ၆း၂၄-၃၄**

မစ္ဆားပူဇော်ခြင်းတွင် ဖတ်ရှုရန် ဘုရားသခင်၏ နှုတ်ကပါဌ်တော် အတွဲ (၂)၊ (က)နှစ်၊ စာမျက်နှာ (၂၀၇)

သာမန်ကာလ ဆဌမ သီတင်းပတ် - တနင်္ဂနွေနေ့ (က) နှစ် (*ကြည့်ရန်*)

**(သို့)**

**မာတေဦး ၈း၂၃-၂၇**

မစ္ဆားပူဇော်ခြင်းတွင် ဖတ်ရှုရန်ဘုရားသခင်၏ နှုတ်ကပါဌ်တော် အတွဲ (၃)၊ စာမျက်နှာ (၃၆၃)

သာမန်ကာလ (၁၃) ကြိမ်မြောက်သီတင်းပတ် - အင်္ဂါနေ့ (*ကြည့်ရန်*)